ဓတ်
စာအုပ်တိုက်

NEW YORK TIMES BESTSELLER

- နယူးယောက်တိုင်း(မ်)ရောင်းအားအကောင်းဆုံး -

သေလုမျောပါးမှ စစ်မှန်သောကုသမှုဆီသို့...

# ဤကမ္ဘာကိုကျော်လွန်၍...

## မိုးခဝသန့်

- မြန်မာပြန်ဆိုသည် -

# DYING TO BE ME

## ANITA MOORJANI

My Journey from Cancer,
to Near Death, to True Healing

မင်းစာခေတ်
စီစဉ်ထုတ်ဝေသည်
- ခေတ်စာစဉ် (၅၇) -

NEW YORK TIMES BESTSELLER
- နယူးယောက်တိုင်း(မ်)ရောင်းအားအကောင်းဆုံး -

သေလုမျောပါးမှ စစ်မှန်သောကုသမှုဆီသို့...

# ဤကမ္ဘာကိုကျော်လွန်၍...

မိုးခဝသန်
- မြန်မာပြန်ဆိုသည် -

# DYING TO BE ME

ANITA MOORJANI

My Journey from Cancer,
to Near Death, to True Healing

ခေတ်
စာအုပ်တိုက်
Facebook Page-KHIT Publishing House
Email-khitpublishinghouse@gmail.com
Ph- 09401667545

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ခုနှစ်၊ လ ■ ၂၀၂၃ ခုနှစ်၊ ဇွန်လ
(ပထမအကြိမ်)

မျက်နှာဖုံးဒီဇိုင်း ■ မိုးသိဏ်းခိုင်(၀၉၇၆၇၉၂၇၇၄၂)

ထုတ်ဝေသူ ■ ဦးမျိုးသူစိုး (၀၂၈၉၉)
ခေတ် စာအုပ်တိုက်
ရန်ကုန်မြို့။

ပုံနှိပ် ■ Silver Sky Press ပုံနှိပ်တိုက်၊
အမှတ်(၂၆)၊ ၉၇-လမ်း၊ လွတ်လပ်ရေး
ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အုပ်ရေ ■ ၅၀၀
တန်ဖိုး ■ ၉၀၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း(CIP)

ဤကမ္ဘာကိုကျော်လွန်၍
မိုးခဝသန် (ဘာသာပြန်သည်)
ခေတ်စာအုပ်တိုက်၊ ၂၀၂၃။
စာ - ၂၇၂ ၊ ၁၄.၅ × ၂၂.၅ စင်တီ။

ကျွန်မရဲ့ချစ်သူ ဒန်နီသို့... ငါတို့ရဲ့ အချစ်တွေဟာ အချိန်တွေ နေရာတွေထက် သာလွန်တယ်ဆိုတာကို ငါအမြဲတမ်းသိနေခဲ့တယ်။ နင့်အတွက်သာမဟုတ်ခဲ့ရင် ငါ့ရဲ့ဒီအသက် ဒီခန္ဓာဟာ ဒီနေ့ ဒီနေရာမှာရှိနေတော့မှာ မဟုတ်ပါဘူး။

ကျွန်မရဲ့ ချစ်ရပါသောအမေ နဲ့ အစ်ကိုအန္ဒူး(ပ်)ဆီသို့... ကျွန်မရဲ့ဘဝတစ်လျှောက် ကျွန်မနဲ့အတူရှိနေပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ကျွန်မနေမကောင်းဖြစ်နေတဲ့အချိန်တွေမှာ အများဆုံး ရှိနေပေးခဲ့တဲ့အတွက်ပေါ့။ ကျွန်မအမေတို့ကို အလိုအပ်ဆုံးအချိန်တွေမှာ ကျွန်မကို ဂရုတစိုက်ရှိနေပေးခဲ့တယ်။ ကျွန်မကို မေမေတို့ဂရုစိုက်ပေးကြသလိုပဲ လူတိုင်းမှာလည်း သူတို့ကို ဂရုစိုက်ပေးတတ်တဲ့ မိသားစုတစ်ခုရှိကြပါစေလို့ ကျွန်မဆုတောင်းပါတယ်။

ကျွန်မချစ်ရပါသော ကျွန်မရဲ့မှတ်ဉာဏ်ထဲက အဖေ့ဆီသို့... အဖေ့ရဲ့ အကြီးမားဆုံးသောအိပ်မက်ဟာ ကျွန်မရဲ့ လက်ထပ်ပွဲကို မြင်တွေ့ချင်ခဲ့တာပါပဲ။ ဒါပေမဲ့ ဒီကြီးကျယ်ခမ်းနားတဲ့ ရက်မြတ်မတိုင်ခင်မှာပဲ အဖေ ကျွန်မတို့ကို ထားရစ်ခဲ့ပြီး လောကကြီးထဲကနေ ထွက်ခွာသွားခဲ့တယ်။ အဖေ့ရဲ့ အနန္တတည်ရှိမှုနဲ့ အခြားဘုံဘဝက အနှိုင်းမဲ့မေတ္တာတရားတွေကို တွေ့ကြုံခွင့်ရဖို့ အခွင့်အရေးပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြီးတော့ အဖေဟာ ဟိုမှာရော သည်မှာရော နေရာတိုင်းမှာပါ ရှိနေတယ်ဆိုတာ ကျွန်မအသေအချာပြောနိုင်တယ်။

စကြာဝဠာကြီးထဲမှာရှိနေတဲ့ ကြီးကျယ်ခမ်းနားလှတဲ့ အမှန်တရားတွေဟာ ကြယ်တွေနဲ့ ဂြိုလ်တွေကို လေ့လာနေတဲ့ထဲမှာမရှိဘူး။ ပြင်ပ ဘယ်နေရာမှာမှမရှိဘူးလို့ ကျွန်မယုံကြည်တယ်။ သူတို့ဟာ ကျွန်မတို့နှလုံးသားထဲက အံ့သြစရာကောင်းပြီး ခမ်းနားတဲ့ နေရာလေးတစ်ခုထဲမှာ ... ကျွန်မတို့ရဲ့စိတ်ထဲမှာ ... ပြီးတော့ ကျွန်မတို့ရဲ့စိတ်ဝိညာဉ်ထဲမှာပဲရှိပါတယ်... အတွင်းမှာ ဘာတွေရှိတယ်လို့ နားလည်နိုင်သည့်တိုင်အောင် အတွင်းမှာ ဘာတွေမရှိဘူးလဲဆိုတာကိုလည်း နားမလည်နိုင်ပါဘူး။

ကျွန်မရဲ့ဒီဇာတ်လမ်းကို မျှဝေရခြင်းဟာ တစ်နည်းနည်းနဲ့ သင်တို့ရဲ့နှလုံးသားကို ထိတွေ့ခွင့်ရဖို့အတွက်နဲ့ သင်တို့ရဲ့ကိုယ်ပိုင် ခမ်းနားကြီးကျယ်မှုတွေကို သတိပေးဖို့အတွက်ပဲဖြစ်တယ်။

# ൟ မာတိကာ ൠ


ဘာသာပြန်သူ၏အမှာ

ဝင်းဒိုင်ယာ၏အမှာစာ

အပိုင်း (၁) နည်းမှန်လမ်းမှန် ရှာဖွေခြင်း

ပဏာမ ကျွန်မသေဆုံးခဲ့သောနေ့

အခန်း (၁) ကွဲပြားခြားနားတဲ့ ကြီးပြင်းမှု

အခန်း (၂) ဘာသာတရားများစွာ၊ လမ်းကြောင်းများစွာ

အခန်း (၃) မှားယွင်းသော အောင်သွယ်မှုများ

အခန်း (၄) ကျွန်မရဲ့ အချစ်စစ်

အခန်း (၅) အကြောက်တရား မှတ်တမ်း

အခန်း (၆) ကူကယ်ရာရှာခြင်း

အပိုင်း (၂) ကျွန်မရဲ့ သေရွာပြန်ခရီး

အခန်း (၇) ကမ္ဘာလောကကြီးမှ ထွက်ခွာခြင်း

အခန်း (၈) လုံးလုံးလျားလျား ဆန်းကြယ်လှသော အဆုံးအစမဲ့သည့် တစ်စုံတစ်ခု

အခန်း (၉) အံ့ဖွယ်ဖြစ်ရပ်များ ဖြစ်ပွားခြင်း

အခန်း (၁၀) ကုသမှု သက်သေ

အခန်း (၁၁) "အမျိုးသမီး ... ကျွန်တော်ဘယ်လို နည်းနဲ့ပဲကြည့်ကြည့် ခင်ဗျားသေသင့်တယ်"

အခန်း (၁၂) သစ်လွင်သော မျက်လုံးများဖြင့် ဘဝကိုမြင်ခြင်း

အခန်း (၁၃) ကျွန်မရဲ့လမ်းကြောင်းအားရှာဖွေတွေ့ရှိခြင်း

အခန်း (၁၄) ကုစားခြင်းဟာ အစပျိုးခြင်းသာဖြစ်တယ်

အပိုင်း (၃) ကျွန်မနားလည်ခဲ့တဲ့အရာများ

အခန်း (၁၅) ကျွန်မဘာကြောင့်ဖျားခဲ့ပြီး... သက်သာလာခဲ့တာလဲ

အခန်း (၁၆) အနတ္တဖြစ်တည်မှုများနှင့် စကြာဝဠာစွမ်းအင်

အခန်း (၁၇) ခွင့်ပြုခြင်းနှင့် မိမိကိုယ်တိုင်ဖြစ်တည်ခြင်း

အခန်း (၁၈) အမေး အဖြေ

စာကြွင်း

Anita Moorjani

## ဘာသာပြန်သူ၏အမှာ

လူတစ်ယောက်ကို ချမ်းသာဖို့နဲ့ ကျန်းမာဖို့ ဘယ်ဟာက အဓိကကျတယ်ထင် လဲလို့မေးရင် တော်တော်များများက ကျန်းမာဖို့လိုသာဖြေကြမှာပါ။ ကျွန်တော့်အနေနဲ့ ကတော့ နှစ်ခုလုံးက အဓိကကျပါတယ်။ ကျန်းမာရေးကောင်းဖို့ရော ချမ်းသာဖို့ပါ ကျွန် တော်တို့ရွေးချယ်နိုင်ပါတယ်။

ဘဝဆိုတာ ရွေးချယ်မှုတွေနဲ့ ပြည့်နေတာပါ။ နေမကောင်းဖြစ်တာလည်း ကိုယ်ကရွေးချယ်လို့ပါပဲ။ မချမ်းသာသေးတာလည်း ကိုယ်ကရွေးချယ်လို့ပါပဲ။

ဒီစာအုပ်မှာတော့ Anita Moorjani က သူမရဲ့ဘဝမှာရွေးချယ်မိခဲ့တဲ့အရာတွေ နဲ့ အကြောက်တရားတွေက သူမရဲ့ကင်ဆာရောဂါဆီကို ဘယ်လိုပုံစံနဲ့ဦးတည်သွားခဲ့ ကြောင်း ဖော်ပြထားတယ်။

အပင်ကိုသတ်ချင်ရင် အမြစ်ကနှုတ်မှရမယ်ဆိုတဲ့စကားအရ အကိုင်းတွေကို ပဲ ကျွန်တော်တို့ ဖြတ်နေလို့မရပါဘူး။ နေမကောင်းရတဲ့ အကြောင်းရင်းဇာတ်မြစ်ကို ပြန် ရှာပြီး နှုတ်ပစ်ဖို့လိုပါတယ်။ စစ်မှန်တဲ့ကုစားမှုဆိုတာ ပြင်ပမှာ မရှိဘူး။ ဆေးဝါးတွေမှာ မရှိဘူး။ အတွင်းမှာပဲ အဖြေရှိတယ်။

Anita ရဲ့ NDE ဇာတ်လမ်းကနေ စစ်မှန်တဲ့ကုစားမှုတွေဆီဦးတည်ပုံကို ကျွန် တော်တို့ ဒီစာအုပ်ထဲမှာဖတ်ရှုရမှာပါ။ ကျွန်တော့်အတွက်တော့ ဒီစာအုပ်ကို ဘာသာ ပြန်ပေးခွင့်ရတာဟာ လူတိုင်းဆီမှာ ရှိပြီးသား ရတနာသေတ္တာတစ်လုံးစီကိုဖွင့်နိုင်ဖို့ သော့တစ်ချောင်းစီ ကမ်းပေးခွင့်ရသလိုခံစားရပါတယ်။ ဒီစာအုပ်ကနေ ကိုယ့်ရဲ့ဖျားနာ မှုတွေကို ကုစားနိုင်ဖို့ နည်းလမ်းတွေရရှိမယ်။ မိမိဘဝမှာအရင်ကရှိခဲ့တဲ့ တွေးခေါ်မှု၊ နေထိုင်မှု၊ ခံစားမှုအလွဲတွေကို ပြင်ဆင်ခွင့်ရဖို့ အသိတရားတစ်ခုခုရရှိသွားမယ်ဆိုရင် တောင် ကျွန်တော်ဘာသာပြန်ပေးရကျိုးနပ်ပါပြီ။

စာဖတ်သူတွေကို ကျွန်တော်ကြိုပြီးသတိပေးလိုတာက ဒီစာအုပ်ဟာ ဘာသာ တရားတွေအပေါ်မေးခွန်းထုတ်ဖို့ ရည်ရွယ်ထားတာမဟုတ်ပါဘူး။ ပိုပြီးနက်နဲတဲ့ မိမိရဲ့ အတွင်းက ခမ်းနားကြီးကျယ်မှုတွေကို သိပြီး ဘဝကို ကျန်းကျန်းမာမာနဲ့ အကောင်းဆုံး

ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားနိုင်ဖို့ပဲ ရည်ရွယ်ထားတာပါ။ ခင်ဗျားဖာသာ ဘယ်ဘာသာတရားကိုပဲ ယုံကြည်ယုံကြည် ကိစ္စမရှိ။ ဝိညာဉ်ရေးရာမှာတော့ အားလုံးဟာ တစ်သားတည်းဖြစ်နေတာကြောင့် မိမိရဲ့ရွေးချယ်မှုဟာ ဘယ်ကိုဦးတည်နေလဲဆိုတာကို သိဖို့နဲ့ မိမိအမှန်တကယ်မည်သူဖြစ်ကြောင်းသိရဖို့က အင်မတန်အရေးကြီးတယ်လို့ Anita က သူ့ရဲ့အတွေ့အကြုံသက်သေတွေနဲ့တကွ ရေးသားဖော်ပြပေးထားပါတယ်။

ဒီဇာတ်လမ်းဟာ ကင်ဆာရောဂါကို အနိုင်ယူပြီး ပြန်လာနိုင်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ Anita ရဲ့စာအုပ်ကို ဘာသာပြန်ရေးသားခွင့်ရတဲ့အတွက် ကျွန်တော့်ဖာသာ ဂုဏ်ယူမဆုံးဖြစ်မိပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ စာဖတ်သူတွေကို ဒီစာအုပ်ဟာ ဘဝမှာမသေခင် တစ်ခါလောက်တော့ဖတ်ဖြစ်အောင်ဖတ်ကြည့်သင့်ပြီး ဘဝကို အဓိပ္ပါယ်ရှိရှိရှင်သန်နိုင်ဖို့အတွက် အရေးပါတဲ့ကိရိယာတစ်ခုလို့သာ ညွှန်းချင်ပါတော့တယ်။

**— မိုးခဝသန်**

၁၀၉

## ဝင်းဒိုင်ယာ၏အမှာစာ

ဤစာအုပ်ပါအကြောင်းအရာများဟာ ကျွန်တော့်ရဲ့ရင်ထဲ အတွင်းနက်နက် ထိအောင် ထိတွေ့ခဲ့တယ်။ မြင့်မြတ်တဲ့ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် အကြောင်းအခွင့်တိုက်ဆိုင်စွာ ကျွန်တော့်ဘဝထဲဝင်ရောက်လာတဲ့ Anita Moorjani နဲ့ ကျွန်တော့်ရဲ့ဆက်ဆံရေးဟာလည်း ပိုလို့တောင်မှ တိုးတက်လာခဲ့တယ်။ လေးနှစ်ကျော်ကြာအောင် တိုးလာခဲ့တဲ့ကင်ဆာရောဂါဟာ Anita ကို သေခြင်းတရားရဲ့ တံခါးအပြင်ဘက်ထိအောင် ခေါ်ဆောင်သွားခဲ့တယ် — ခင်ဗျားသာဆန္ဒရှိမယ်ဆိုရင် တံခါးဝကို ကျော်လွန်ပြီး သေခြင်းတရားရဲ့အိမ်ထဲသို့ရောက်သွားနိုင်ပါတယ်။ Anita ဟာ ဤဝိညာဉ်ရှာဖွေရေးစာအုပ်ထဲ၌ အရာအားလုံးကို အသေးစိတ်ဖော်ပြထားပါတယ်။ အထူးသဖြင့် နောင်တမလွန်ဘဝလို့ ခေါ်လေ့ရှိတဲ့ ဤကမ္ဘာထက် ကျော်လွန်နေတဲ့အရာတွေအကြောင်း ခင်ဗျားမြတ်နိုးတန်ဖိုးထားတဲ့ ယုံကြည်မှုတွေအား စိန်ခေါ် လိုတဲ့စိတ်နဲ့ အသေအချာ တွေးခေါ်ဖတ်ရှုကြည့်ပါလို့ တိုက်တွန်းချင်ပါတယ်။

Anita ရဲ့ ချစ်ရသူတွေနဲ့ ဆေးအဖွဲ့တစ်ဖွဲ့က သူမရဲ့နောက်ဆုံးထွက်သက်ကို စောင့်မျှော်ရင်း ဝန်းရံထားခဲ့ကြပြီး သူမကတော့ မေ့မြောနေခဲ့တယ်။ သို့သော် သူမဟာ ကင်ဆာရောဂါ ဒဏ်ခံစားနေရတဲ့ ခန္ဓာကိုယ်ထဲသို့ ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာ ယာဉ်နဲ့ပြန်သွားခွင့်ရခဲ့တဲ့အချိန်မှာ အရာအားလုံးကို အံ့တုနိုင်ခဲ့တယ်။ ပြီးတော့ မယုံကြည်နိုင်လောက်အောင် သက်သာပျောက်ကင်းခဲ့တယ်။ ဒါထက်ပိုပြီး သူမဟာ သေခြင်းတရားအခန်းကနေ ပြန်လာဖို့ခွင့်ပြုခဲ့တာက ဒီခန္ဓာငါးပါးရဲ့ တစ်ဖက်ခြမ်းမှာရှိတဲ့ လောကဟာ ပိုပြီးအဓိပ္ပါယ်ရှိတယ်ဆိုတာကို သတင်းစကားပါးဖို့ပါပဲ။

ဒီဇာတ်လမ်းက ခင်ဗျားဘယ်သူဘယ်ဝါ အစစ်အမှန်ဖြစ်ကြောင်း၊ ခင်ဗျားဘာကြောင့် ဒီနေရာကိုရောက်လာရကြောင်း၊ ခင်ဗျားဘဝထဲမှာ သတ်မှတ်ထားမိတဲ့ အကြောက်တရားတွေနဲ့ ကိုယ်ပိုင်ငြင်းပယ်မှုတွေကို ဘယ်လိုပြောင်းလဲနိုင်ကြောင်း အသစ်တဖန်ပြန်လည်ခံစားရစေမယ့် ခြွင်းချက်မဲ့ ချစ်ခြင်းမေတ္တာဇာတ်လမ်းကြီးတစ်ပုဒ် ဖြစ်တယ်။ သူမဟာ ကင်ဆာရောဂါအကြောင်းကို ထူးထူးခြားခြား ပွင့်ပွင့်လင်းလင်း

ပြောပြထားပြီး သူမကိုယ်တိုင်သစ္စာမဲ့တဲ့လမ်းကို ဆင်းသက်ခဲ့မိတယ်လို့ ဘာကြောင့် ယုံကြည်ခဲ့ကြောင်း၊ သူမ ကုစားနိုင်ခဲ့တယ်လို့ ဘာကြောင့်ခံစားခဲ့ရကြောင်းနဲ့ သူမ ဘာကြောင့်ပြန်လာခဲ့ကြောင်းကိုလည်း ပြောပြပေးထားပါတယ်။ ဒီအကြောင်းကို အတွေးမမှားပါစေနဲ့။ သူမဘဝရဲ့ရည်မှန်းချက်က သူမအတွေ့အကြုံရဲ့ အစီရင်ခံချက်ကို ခင်ဗျားတို့ကို ဖတ်ရှုစေဖို့အထိ ကြီးကြီးမားမားကို ထင်ဟပ်စေခဲ့တာပါ။ ပြီးတော့ ဒီအရေးပါတဲ့ သတင်းစကားကို ကမ္ဘာလောကကြီးဆီဖြန့်ဝေရာမှာ ကျွန်တော်လည်း ပါဝင်ပေးခဲ့ပါတယ်။

သေခြင်းတရားရဲ့တံခါးဝကို ဖြတ်ကျော်ပြီး အခြားဘုံထဲသို့ ရောက်ရှိသွားတဲ့အချိန်ပေါ့။ မေ့မြောနေခဲ့တဲ့ ၂၄-နာရီအတွင်း Anita ရှာဖွေတွေ့ရှိခဲ့တဲ့အရာတွေဟာ ဟောပြောပွဲနဲ့ အရေးအသားတွေထဲမှာ သူမရရှိခဲ့တဲ့ စိတ်အားထက်သန်တဲ့ အခိုက်အတန့်တွေအားလုံးနဲ့ လိုက်လျောညီထွေဖြစ်နေခဲ့တယ်။ ကမ္ဘာတစ်ဖက်ခြမ်းမှာနေထိုင်တဲ့ ဒီအမျိုးသမီးဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ကွဲပြားတဲ့ နည်းလမ်းတစ်ခုနဲ့ မြင့်မြတ်တဲ့ ကြားဝင်စွက်ဖက်မှုတွေကို ရယူပြီး ပတ်ဝန်းကျင်က အစိတ်အပိုင်းတွေကို လှုပ်ရှားစေခဲ့တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ကိုယ်ပိုင်အသိဉာဏ်နဲ့ ရုပ်ပိုင်းဆိုင်ရာဘဝထဲကိုလဲ ရောက်လာခဲ့တယ်။ ဒါက ကျွန်တော်တို့ နှစ်ယောက်လုံးအတွက်တော့ ရှင်းပါတယ်။

ကျွန်တော်ဟာ နယူးယောက်မြို့မှာနေထိုင်တဲ့ မီရာကယ်လီလို့ခေါ်တဲ့ အမျိုးသမီးတစ်ဦးဆီကနေ Anita ရဲ့ သေလုမျောပါးအတွေ့အကြုံ (NDE) မိတ္တူကို လက်ခံရရှိခဲ့တယ်။ အဲဒီ့ကနေမှ သူမအကြောင်း ပထမဆုံးအကြိမ် ကြားဖူးခဲ့တာဖြစ်တယ်။ မီရာက ကျွန်တော့်ရဲ့ အတိတ်ဘဝတစ်ခုကို နောက်ကြောင်းပြန်ကြည့်ရာမှ ခင်မင်လာခဲ့ပြီး နောက်ပိုင်းမှာ ကျွန်တော့်နဲ့ သူငယ်ချင်းဖြစ်လာခဲ့ပါတယ်။ (ဒီအကြောင်းကို ကျွန်တော်ရေးသားထုတ်ဝေခဲ့တဲ့ Wishes Fullfilled မှာ ရေးသားဖော်ပြထားတယ်။) Anita ရဲ့ NDE အစီရင်ခံစာ ကို တစ်ကြိမ်ဖတ်ပြီးတဲ့နောက်၊ သူမရဲ့စိတ်ဝင်စားဖွယ် သတင်းစကားတွေကို ကမ္ဘာကြီးဆီသို့ ထုတ်ဖော်ဖို့အတွက် ကျွန်တော့်ရဲ့ အကန့်အသတ်ရှိတဲ့ စွမ်းအားတွေထဲမှာ တတ်နိုင်သမျှ လုပ်ဆောင်ရမယ်လို့ တွန်းအားပေးနေသလို ခံစားရပါတယ်။ ကျွန်တော် Hay House ရဲ့ဥက္ကဋ္ဌ Reid Tracy ဆီကို

ဖုန်းဆက်ပြီး Anita Moorjani ကိုရှာပါ။ ပြီးရင် သူမရဲ့အတွေ့အကြုံအကြောင်း နက်နက်နဲနဲ အသေးစိတ်ရေးသားထားတဲ့ စာအုပ်တစ်အုပ်ထုတ်ဝေပေးပါလို့ တောင်းဆိုခဲ့တယ်။ သူမသာ ရှေ့ဆက်သွားလိုစိတ်ဆန္ဒရှိရင် သူမရဲ့စာအုပ်မှာ အမှာစာရေးပေးခွင့်ရရင်ကိုပဲ ကျေနပ်မိမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့တယ်။ Hong Kong မှာနေတဲ့ Anita က ကျွန်တော့်ရဲ့အပတ်စဉ်ရေဒီယိုရှိုးကို hayhouseradio.com ကနေ ဖုန်းခေါ်ဆိုခဲ့တယ်။ ဒီအကြောင်းအရာအပါအဝင် အံ့သြဖွယ်ကောင်းတဲ့ ထပ်တူကျမှုတွေ အများကြီးကနေတဆင့် ကမ္ဘာတစ်ဝှမ်းလုံးကြားသိနိုင်စေဖို့ သူမကို အင်တာဗျူးလုပ်ပေးဖြစ်ခဲ့တယ် — ကျွန်တော်တို့နှစ်ယောက်က ပညာရှင်အဆင့်ရော ကိုယ်ရေးကိုယ်တာအဆင့်နဲ့ပါ အချိတ်အဆက်မိခဲ့ကြတယ်။

Anita က ကျွန်တော်တို့အားလုံးဟာ သန့်စင်တဲ့မေတ္တာတရားတွေပဲလို့ ခံစားရကြောင်း ပြောပြခဲ့တယ်။ ကျွန်တော်တို့ဟာ အခြားသူတွေနဲ့ ချိတ်ဆက်နေရုံသာမက ဘုရားသခင်နဲ့လည်း အတွင်းအနက်ရှိုင်းဆုံးနေရာမှာ ချိတ်ဆက်နေသေးတယ်တဲ့။ ကျွန်တော်တို့ရဲ့ဘဝတွေမှာ ဘုရားသခင်အပေါ် အစွန်းရောက်မှုတွေ ထွက်ပေါ်လာရတာက ကျွန်တော်တို့ဟာ အကြောက်တရားနဲ့ အတ္တကိုခွင့်ပြုထားလို့ပဲတဲ့။ ဒါက ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်တွေကိုတင် ရောဂါဖြစ်စေတာမဟုတ်ဘဲ ကမ္ဘာကြီးကိုလည်း ဖျားနာစေတယ်။ ကျွန်တော်တို့ရဲ့ကြီးကျယ်ခမ်းနားမှုကို တန်ဖိုးထားတတ်ဖို့ သင်ယူတာ၊ အလင်းရောင်နဲ့ ချစ်ခြင်းမေတ္တာရဲ့ သတ္တဝါတွေအဖြစ်နေထိုင်တာ ဒီလိုစိတ်ထားတွေက မွေးရာပါကုစားခြင်းဆိုင်ရာ ဂုဏ်သတ္တိတွေပဲလို့ သူမက ပြောခဲ့ပါတယ်။

Anita ဟာ အချိန်နဲ့နေရာဆိုတာ အမှန်တကယ် မတည်ရှိဘူးလို့ တွေ့ကြုံခဲ့ရတယ်။ တစ်ခုတည်းဖြစ်တည်မှုက ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ သဘောတရားတစ်ခု မဟုတ်ဘူးလို့ သိရှိတာဟာ အံ့သြဖွယ်ရာတွေကို ခံစားရစေတယ်။ ဒါပေမဲ့ အရာအားလုံးဟာ တစ်ချိန်တည်း ဖြစ်ပျက်နေကြတာပါပဲ။ သူမက ဖြူစင်ပြီး ကြည်နူးစရာကောင်းတဲ့ မေတ္တာရောင်ဝါနဲ့ ရေချိုးသန့်စင်လိုက်သလိုခံစားရပြီး ဒီခံစားချက်ဟာ ကုစားဖို့အတွက် အကန့်အသတ်မရှိတဲ့ အလားအလာတွေကို ပေးနိုင်စွမ်းရှိတယ်လို့ ဖော်ပြထားတယ်။ "ဘုရားသခင်နဲ့အတူရှိရင် အရာရာဖြစ်နိုင်တယ်" ဆိုတဲ့ ယေရှုစကားရဲ့ စစ်မှန်တဲ့အဓိပ္ပာယ်ကို သူမကိုယ်တိုင် သိရှိခဲ့ပြီး အတိတ်ကို ကုစားခြင်းအပါအဝင်

ဘာတစ်ခုကိုမှ စာအုပ်ထဲမှာ ချန်မထားခဲ့ဘူး။ ဘုရားသခင်ရဲ့တည်ရှိမှုကို အမှန်တကယ် နားလည်သဘောပေါက်လာရင် (ဆေးပညာအပါအဝင်) လောကီနယ်ယာမတွေဟာ သက်ရောက်မှုရှိတော့မှာမဟုတ်ဘူးလို့ ကျွန်တော် ရေးသားဖော်ပြခဲ့ဖူးတဲ့ Wishes Fulfilled ထဲက အကြောင်းအရာတစ်ခုကို Anita က လူကိုယ်တိုင် ရှာတွေ့ခဲ့တာပါ။

ကျွန်တော် ဒီအမျိုးသမီးနဲ့ တွေ့ဆုံခဲ့တယ်။ ဖုန်းခေါ်ဆိုမှုကစတင်ပြီး သူမရဲ့ ဝိညာဉ်ရေးရာအနှစ်သာရနဲ့ မျှော်လင့်ချက်သတင်းစကားတွေကို အကြောက်တရားရဲ့အစားထိုးမှုတစ်ခုအဖြစ်နဲ့ တိုက်ရိုက် စတင်ခံစားစပြခဲ့တယ်။ ကျွန်တော်ဟာ သူမကို ဒီစာအုပ်ကိုရေးသားဖို့တင်မကဘဲ PBS မှာကျွန်တော်နဲ့တွေ့ဆုံပြီး ကမ္ဘာကြီးတစ်ခုလုံးဆီ သူမရဲ့ချစ်ခြင်းမေတ္တာ၊ မျှော်လင့်ချက်နဲ့ ကုစားမှုပုံပြင်တွေကို ပြောကြားပေးဖို့ဖိတ်ကြားခဲ့တယ်။

ကျွန်တော်က ဘိုးဘွားရိပ်သာတစ်ခုမှာနေထိုင်တဲ့ အသက် ၉၅ နှစ်အရွယ် ကျွန်တော့်မိခင်ဆီကို Anita ရဲ့ NDE Interview အကြောင်း ပေးပို့ခဲ့တယ်။ အသက်အရွယ်ကြီးရင့်တဲ့ ကျွန်တော့်အမေရဲ့ သူငယ်ချင်းအသစ်တော်တော်များများက ရိုးရိုးအိပ်စက်ခြင်းနဲ့ပဲ ဆုံးပါးသွားခဲ့ကြပြီး ထာဝရပျောက်ကွယ်သွားကြတာကို တွေ့ကြုံနေရတဲ့အတွက် သူမဟာ သေခြင်းတရားကို အမြဲလိုလို မြင်တွေ့နေရတာပါ။ သက်ရှိအားလုံးရဲ့ ကံကြမ္မာဖြစ်တဲ့ သေခြင်းတရားလို့ခေါ်တဲ့ လျှို့ဝှက်ဆန်းကြယ်မှုကြီးနဲ့ ပတ်သက်ပြီး သူမနဲ့ကျွန်တော် စကားစမြည်ပြောခဲ့ဖူးတယ်။ ရုပ်လုံးပေါ်လာသမျှ အရာအားလုံးဟာ ပျက်စီးယိုယွင်းလာတယ်။ ကျွန်တော်တို့ ဒါကို ဉာဏ်ပညာအရသိကြပေမဲ့ ကျွန်တော်တို့စောင့်မျှော်နေခဲ့တဲ့ ဒီအရာဟာ ကြီးကျယ်တဲ့လျှို့ ဝှက်ဆန်းကျယ်မှုကြီးတစ်ခုဖြစ်နေတုန်းပဲ။

ကျွန်တော့်အမေက Anita ရဲ့ NDE အစီရင်ခံစာကို ဖတ်ပြီးတဲ့နောက် သူမအပေါ်ကို ငြိမ်းချမ်းရေးလှိုင်းလုံးကြီးတစ်ခု ဖြတ်ကျော်သွားခဲ့ပြီး ကြီးကျယ်တဲ့ အမည်မသိတစ်စုံတစ်ရာဟာ သူမရဲ့စိတ်ဖိစီးမှုတွေ၊ စိုးရိမ်ပူပန်မှုတွေနဲ့ အကြောက်တရားတွေနေရာမှာ အစားထိုးဝင်ရောက်လာခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ ကျွန်တော့်ရဲ့ ကလေးတွေအပါအဝင် Anita ရဲ့သေလုမျောပါးအတွေ့အကြုံကို ဖတ်ရှုကြတဲ့သူတိုင်းအဖို့ သူတို့ဟာ ဘဝသစ်တစ်ခုရရှိလိုက်သလို ခံစားရပြီး အခြားအရာတွေအားလုံး

ထက် မိမိကိုယ်ကို ပိုချစ်လာမယ်၊ မိမိတို့ရဲ့ခမ်းနားကြီးကျယ်မှုကို ပိုပြီးတန်ဖိုးထားတတ်လာမယ်၊ ရောဂါဖြစ်လာစေဖို့ အလားအလာရှိတဲ့အတွေးတွေအားလုံးကို မိမိတို့ရဲ့နေ့စဉ်ဘဝထဲကနေ ဖယ်ထုတ်ပစ်နိုင်လိမ့်မယ်လို့ ကျွန်တော်ကတိပြုပါတယ်။ ကျွန်တော် ဒီအကြောင်းအရာတွေကို ရေးသားနေစဉ်မှာပဲ Anita က ဒါကိုအတွေ့အကြုံအဖြစ်နဲ့ ကမ္ဘာလောကကြီးဆီ ယူဆောင်လာခဲ့ပါပြီ။

Anita ဟာ သူမရဲ့ခန္ဓာကိုယ်ကိုကုစားနိုင်ခဲ့ပြီး ဒီကိုပြန်လာခဲ့တာဟာ ရိုးရှင်းပြီး အစွမ်းထက်တဲ့ သူမရဲ့သင်ခန်းစာတွေကို ပြန်လည်သင်ကြားပေးနိုင်ဖို့ဖြစ်မယ်လို့ ခံစားခဲ့ရကြောင်း အကြိမ်ကြိမ် ပြောကြားခဲ့တယ်။ ဒါက ခင်ဗျားကို ကုစားပေးနိုင်ရုံတင်မကဘူး။ ကမ္ဘာကြီးကိုပါ ပြောင်းလဲစေနိုင်လိမ့်မယ်။ ဒါကြောင့် ကျွန်တော်နဲ့ Anita ကို ဘုရားသခင်က ဘာကြောင့်အတူတူတွဲခေါ်ခဲ့ကြောင်း သိရှိခဲ့တယ်။ လူတွေကို သူတို့ရဲ့ကိုယ်ပိုင် မြင့်မြတ်မှုအကြောင်း သင်ပေးပြီး သူတို့ရဲ့အတွင်းက အမြင့်မားဆုံးနေရာမှာ ဘုရားသခင်တည်ရှိနေကြောင်း သိရှိစေဖို့ဟာ ကျွန်တော့်ရဲ့ ဓမ္မပဲလို့ အမြဲခံစားရတယ်။ ကျွန်တော်တို့ဟာ ရုပ်ခန္ဓာတွေမဟုတ်ဘူး။ အောင်မြင်မှုတွေ၊ ပိုင်ဆိုင်မှုတွေလည်းမဟုတ်ဘူး။ ကျွန်တော်တို့ဟာ ဘုရားသခင်လို့ခေါ်ဆိုကြတဲ့ ဖြစ်တည်မှုအားလုံးရဲ့ အရင်းအမြစ်နဲ့ တစ်သားတည်းဖြစ်တည်နေကြတဲ့သူတွေပါ။ Wishes Fulfilled မှာ ကျွန်တော် ဒီအကြောင်းအရာတွေအားလုံးကို အလိုလျောက်ရေးသားနေချိန် Anita Moorjani ဟာ ကျွန်တော့်ရဲ့ရေးသားမှုတွေအားလုံးကို လက်တွေ့ကျကျ လက်ခံရရှိဖို့ ဖြေရှင်းပေးတဲ့နေရာတစ်ခုအဖြစ် ကျွန်တော့်ဘဝထဲ ဝင်ရောက်လာခဲ့တယ်။ သူမဟာ ဒီနေရာမှာပဲ ရှင်သန်နေထိုင်ချင်ပြီး ဒီနေရာဟာ အလွန်လှပတယ်လို့ ပြောတယ်။ အခု ခင်ဗျားဟာ Anita ရဲ့အလွန်ပြင်းထန်တဲ့ ကင်ဆာ ရောဂါနဲ့ ကင်ဆာကနေသေလာခဲ့သမျှ အကြောင်းအရာတွေ၊ သူမပြန်လာနိုင်ခဲ့ပုံတွေ၊ မြင့်မြတ်စွာနဲ့ တိုက်ရိုက်ကုစားနိုင်ခဲ့ပုံတွေကို ဖတ်ရှုပြီး အသုံးချနိုင်ခဲ့မယ်ဆိုရင်တော့ အတော်လေး ကျေးဇူးတင်စရာကောင်းလိမ့်မယ်။

အဆုံးစွန်သော ကုစားမှုအနေနဲ့ ဒီလို မျှော်လင့်ချက်ပြည့်ဝတဲ့ ချစ်ခြင်းမေတ္တာသတင်းစကားကို သယ်ဆောင်ပေးရာမှာ နည်းနည်းပါးပါးလေး ပါဝင်ပေးခဲ့ရတာကိုပဲ ကျွန်တော် ဂုဏ်ယူနေမိပြီ။ Anita ရဲ့စကားတွေကို ခံယူပြီး ခင်ဗျားရဲ့ခန္ဓာကိုယ်၊ ခင်ဗျား

ရဲ့ဆက်ဆံရေး၊ ခင်ဗျားရဲ့တိုင်းပြည်နဲ့ ကျွန်တော်တို့ရဲ့ကမ္ဘာကြီးပေါ်က ဘယ်လိုရောဂါအားလုံးကိုမဆို ဖယ်ရှားပစ်နိုင်တဲ့ လက်နက်တစ်ခု ဖြစ်လာပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။ Elizabeth Barrett Browning ရဲ့တစ်ချိန်က ကဗျာအရ "ကမ္ဘာကြီးသည် ကောင်းကင်ဘုံများဖြင့် ပြည့်ကျပ်နေပြီး ဘုံချုံပင်တိုင်းသည် ဘုရားသခင်ထံ၌ မီးတောက်လောင်လေ၏။" ဆိုသလိုပေါ့။ တကယ်တော့ ကမ္ဘာမြေကြီးပေါ်ကကုစားမှုနဲ့ ကောင်းကင်ဘုံဟာ ခင်ဗျားအတွက်၊ ပြီးတော့ ခင်ဗျားရဲ့ ချစ်ခြင်းမေတ္တာတရားအတွက်ပါပဲ။

Anita ရဲ့အံ့ဖွယ်စာအုပ်ကို ဖတ်ရှုခံစားကြည့်ပါ။ ကျွန်တော်ကတော့ ဒီစာအုပ်ကို သဘောကျတယ်။ ပြီးတော့ သူမကိုလည်းချစ်ပါတယ်။

— **Dr. Wayne W. Dyer**

**Maui, Hawaii**

ဖ•ဖ

## မိတ်ဆက်

ကျွန်မဇာတ်လမ်းကိုပြောပြရခြင်းရဲ့ အဓိကရည်ရွယ်ချက်က တခြားသူတွေကို ကျွန်မဖြတ်သန်းခဲ့ရသလိုမျိုး မဖြတ်သန်းစေလိုတာကြောင့်ပါ။

ဒီစာအုပ်က လူတွေကို ပြောင်ပြောင်တင်းတင်း သင်ပြပေးနေတာ ဒါမှမဟုတ် သူတို့ရဲ့ဘဝတွေကို ဘယ်လိုနေထိုင်ရမယ်လို့ ပြောပြနေတာမဟုတ်သလို၊ သူတို့က တောင်းဆိုလာရင်တောင်မှ လုပ်ရမယ့် အပြောင်းအလဲတွေအတွက် ဘယ်သူ့ကိုမှ အကြံပေးရတာ ကျွန်မမကြိုက်ပါဘူး။ ကျွန်မကိုယ်တိုင် စံနမူနာပြဦးဆောင်ပြီး အခြားသူတွေရဲ့ကိုယ်ပိုင်အမှန်တရားနှင့် ထိတွေ့ခွင့်ရဖို့ ဘေးကင်းတဲ့ ပတ်ဝန်းကျင်တစ်ခုကိုပဲ ဖန်တီးလိုပါတယ်။

ကျွန်မရဲ့သေလုမျောပါးအတွေ့အကြုံ (NDE) နဲ့ လွန်ခဲ့တဲ့ လေးနှစ်က ကင်ဆာရောဂါ ပျောက်ကင်းသွားတဲ့အချိန် ၂၀၀၆ ခုနှစ် ဆောင်းရာသီနှင့် နွေဦးရာသီဖြစ်ရပ်တွေကစလို့ ဒီအကြောင်းကို ခဏခဏ တွေးခဲ့ဖူးတယ်။ ကျွန်မရဲ့ NDE အတွင်း ကျွန်မရဲ့ အနာဂတ်ဘဝအခန်းကဏ္ဍတွေကို မြင်နိုင်စွမ်းရှိခဲ့ပြီး ကျွန်မကမ္ဘာလောကဆီကို ပြန်လာခဲ့ရတဲ့ အကြောင်းရင်းတွေထဲကတစ်ခုဟာ ကျွန်မရရှိခဲ့တဲ့ အတွေ့အကြုံတွေ၊ သတင်းစကားတွေနဲ့ အခြားသူတွေကို တွေ့ထိပေးနိုင်ဖို့ပါပဲ။

ဒီအခြေအနေမှာ ကျွန်မဟာ လူတွေထောင်ပေါင်း သောင်းပေါင်းများစွာကို လှုံ့ဆော်ပေးနိုင်လိမ့်မယ်လို့ တနည်းနည်းနဲ့ သိခဲ့ရတယ်။ ဒါက ဘာကိုဆိုလိုတယ်ဆိုတာ ရှင်းရှင်းလင်းလင်း မသိခဲ့ပေမဲ့ တနည်းနည်းနဲ့တော့ လူတွေကို ကူညီရမယ်ဆိုတာသိနေခဲ့တယ်။ ဒီလိုဖြစ်လာဖို့အတွက် ကျွန်မဘာမှလုပ်စရာမလိုဘူးဆိုတဲ့ ခံစားချက်ကို အတိအကျခံစားခဲ့ရတယ်။ ကျွန်မကိုယ်တိုင်ပဲ ဘဝမှာ ပျော်မွေ့နေဖို့လိုတယ်။ ပြီးတော့ ပိုပြီးကြီးကျယ်တဲ့ အရာတစ်ခုဖြစ်လာဖို့ ကိုယ့်ကိုယ်ကို ကိရိယာတစ်ခုအဖြစ် ခွင့်ပြုပေးဖို့ပဲလိုတယ်။

ကမ္ဘာလောကကြီးရဲ့ သဘောသဘာဝနဲ့ သူတို့ရဲ့အတွေ့အကြုံတွေအကြောင်း အဖြေရှာနေကြတဲ့ လူတစ်ဦးချင်းစီနဲ့ ဆေးသိပ္ပံနယ်ပယ်က မေးလာတဲ့မေးခွန်းတွေကို တုံ့ပြန်ဖို့အတွက် ကျွန်မရဲ့အတွေ့အကြုံတွေကို ချရေးပြီး ပြောကြားလာခဲ့ရာကနေ ဒီစာ

အုပ်ဖြစ်ပေါ်လာခဲ့တာပါ။ ဒီစာအုပ်ဖြစ်လာရတဲ့ အကြောင်းရင်း အသေးစိတ်ကို အခန်း ၁၄ မှာပြောပြထားပါတယ်။ ကင်ဆာရောဂါနဲ့ ကျွန်မရဲ့ NDE မှ လေ့လာသင်ကြားခဲ့ရတဲ့ ရလဒ်တွေကို လွတ်လွတ်လပ်လပ် ရှင်းပြပေးထားပါတယ်။ အထူးသဖြင့် တခြားသူတွေ အကျိုးရှိနိုင်တယ်လို့ ခံစားမိတဲ့အခါ ကျွန်မရဲ့ အတွေ့အကြုံနဲ့ အဲဒီ့က ဆင်းသက်လာတဲ့ ကျွန်မရဲ့ဘဝနားလည်မှုတွေကို မျှဝေပေးရတာ ပျော်ရွှင်မိပါတယ်။

ကျွန်မဇာတ်လမ်းရဲ့ အပိုင်း (၁) မှာ ကွဲပြားပြီး မကြာခဏဆိုသလို ဆန့်ကျင်ဘက်ယုံကြည်ချက်တွေ ကိုင်စွဲထားကြတဲ့ ယဉ်ကျေးမှုမျိုးစုံနဲ့ တွေ့ဆုံခဲ့ရတဲ့ ကျွန်မရဲ့ ကြီးပြင်းလာခဲ့ပုံတွေကို စတင်ဖော်ပြထားပါတယ်။ ဒီအရာက ကျွန်မကို ဘယ်လိုမျိုး ပုံစံသွင်းပေးခဲ့ပြီး ရောဂါဖြစ်ပေါ်လာဖို့ အကြောက်တရားတွေကို မွေးမြူပေးခဲ့လဲ။ အဲဒီ့ကနေ အရွယ်ရောက်လာတဲ့ခရီးစဉ်နဲ့ ကျွန်မရဲ့ကင်ဆာအကျဉ်းထောင်ထဲ သက်ဆင်းခဲ့ရပုံတွေကို ကျွန်မနဲ့အတူတူ လိုက်ပါဖတ်ရှုရမှာဖြစ်ပါတယ်။

အပိုင်း (၂) မှာ ကျွန်မတွေ့ကြုံနားလည်ခဲ့တဲ့ NDE အခြေအနေနဲ့ နောက်ဆက်တွဲအဖြစ်အပျက်တွေကို လေ့လာရမှာပါ။ ကင်ဆာရောဂါသက်သာပျောက်ကင်းပြီး ကမ္ဘာပေါ်မှာရှိတဲ့ ကျွန်မရဲ့နေရာသစ်ကိုရှာဖွေဖို့ လုပ်ဆောင်ရတာဟာ ကျွန်မအတွက်တော့ အံ့ဩစရာ၊ အကဲစမ်းစရာ၊ ကြည်နူးစရာခရီးတစ်ခုဖြစ်ခဲ့ပါတယ်။

အပိုင်း (၃) မှာတော့ ကုစားမှုနဲ့ပတ်သက်ပြီး ကျွန်မအခုနားလည်ခဲ့တဲ့အရာတွေကို ဒီနေ့ခေတ်ရဲ့နည်းလမ်းတွေနဲ့ ဖော်ပြပေးသွားမှာပါ။ ကျွန်မတို့ အမှန်တကယ် ဘယ်သူဖြစ်တယ်ဆိုတဲ့ ရောင်ပြန်ဟပ်မှုနဲ့ ဘယ်လိုနေထိုင်ရမယ်၊ ကျွန်မတို့ရဲ့ခမ်းနားမှုကို ဘယ်လိုတောက်ပအောင်ခွင့်ပြုရမယ်ဆိုတဲ့အကြောင်းတွေကို ဖော်ပြပေးသွားမှာပါ။ အဲ့ဒီ့နောက် ကျွန်မကြားခဲ့ဖူးတဲ့ အဖြစ်အများဆုံးနဲ့ စိန်ခေါ်မှုအရှိဆုံး စိုးရိမ်ပူပန်မှုတချို့ပါတဲ့ အမေးအဖြေကဏ္ဍနဲ့ နိဂုံးချုပ်မှာဖြစ်ပါတယ်။

သို့သော် ကျွန်မရဲ့အတွေ့အကြုံတွေကနေ သင်ယူရရှိခဲ့တဲ့အရာတွေကို စာဖတ်သူတွေအားမမျှဝေခင် စကြာဝဠာ ဒါမှမဟုတ် သိပ္ပံနည်းကျအမှန်တရားတွေကို ကျွန်မသိတယ်လို့ ဆိုလိုချင်တာမဟုတ်သလို ကျွန်မဟာ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ ဝိဉာဉ်ရေးရာဆရာကြီးတစ်ပါးလည်း မဟုတ်ပါဘူး။ အခြားသော ဘာသာတရားတစ်ခု ဒါမှမဟုတ် ယုံကြည်ချက်စနစ်တစ်ခုကို စတင်ဖို့အတွက်လည်း ကြိုးစားနေတာမဟုတ်ပါဘူး။ ကျွန်မရဲ့ရည်ရွယ်ချက်ကိုက လူတွေကို ကူညီဖို့ပါပဲ။ စည်းရုံးသိမ်းသွင်းဖို့မဟုတ်ပါဘူး။

ကုသဖို့အတွက် NDE ဖြစ်ဖို့မလိုကြောင်းလည်း အထူးအလေးပေး ပြောကြားလိုပါတယ်။ ကျွန်မရဲ့ရည်ရွယ်ချက်ကတော့ ကင်ဆာရောဂါကို ဖြစ်စေတယ်လို့ယုံကြည်တဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ စိတ်ခံစားချက်ဆိုင်ရာ အစပျိုးမှုတွေ အားလုံးကို စာဖတ်သူတွေဆီကို မျှဝေပေးဖို့ပါ။ ဒီအချက်တွေကို ဖော်ပြရခြင်းကြောင့် စာဖတ်သူတွေအနေနဲ့ ဖျားနာမှုရဲ့ ဖြစ်နိုင်ချေကို ပထမနေရာထားပြီး လျှော့ချနိုင်မယ် ဒါမှမဟုတ် ဖယ်ရှားပစ်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ တစ်ချိန်တည်းမှာပဲ သင် ဒါမှမဟုတ် သင်သိတဲ့သူတစ်ဦးဦးဟာ ကင်ဆာဖြစ်စေ ဒါမှမဟုတ် အခြားပြင်းထန်သော ရောဂါတစ်ခုခုဖြစ်စေ ရှိနေခဲ့ပါက ကုသဖို့ နည်းလမ်းများစွာရှိကြောင်း ကျေးဇူးပြု၍ သိထားပေးပါ။ သင့်ရဲ့ ကိုယ်ပိုင်ပဲ့တင်သံနဲ့ သင့်အတွက်မှန်ကန်တယ်လို့ ခံစားရစေတဲ့အရာတွေ နောက်ကို လိုက်ဖို့အတွက်ပဲ အကြံပြုမှာပါ။

အကယ်၍ သင်ဟာ အဆင့်ဆင့်ညွှန်ကြားချက်တွေ ဒါမှမဟုတ် လိုက်နာရမယ့် ကျင့်ထုံးတွေကို ရှာနေတဲ့သူတစ်ယောက်ဆိုရင်တော့ ကျွန်မက သင့်အတွက် လူမှန်တစ်ယောက်မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မက "အရွယ်အစားတစ်ခုဟာ အားလုံးနဲ့ အံဝင်ခွင်ကျဖြစ်တယ်" ဆိုတဲ့သဘောမျိုးသက်ရောက်တဲ့ ဘယ်အယူဝါဒကိုမှ မယုံကြည်တဲ့အတွက်ကြောင့်ပါပဲ။ ကိုယ့်ကိုကိုယ် ချစ်တယ်လို့ ပြောရင်တောင်မှ ကိုယ့်ကို အာရုံစိုက်ခံရဖို့အတွက်မဟုတ်ဘဲ ကိုယ့်ရင်ထဲမှာ ဒီလိုခံစားချက်မျိုး အမှန်တကယ် ခံစားမိစေဖို့ ရည်ရွယ်တာပါ။ ကျွန်မရဲ့အတွေ့အကြုံနဲ့ အသိဉာဏ်တွေကိုမျှဝေရာမှာ ကျွန်မရဲ့တစ်ခုတည်းသော ရည်ရွယ်ချက်က သင့်အတွင်းမှာ ရှိနေတဲ့ ခမ်းနားမှုရဲ့မီးစကို မီးညှိပေးဖို့ပါပဲ။ ကျွန်မရဲ့ဆန္ဒက သင့်ရဲ့စကြာဝဠာအလယ်ဗဟိုမှာ သင့်ရဲ့ကိုယ်ပိုင်နေရာကိုရှာဖွေဖို့ လမ်းပြပေးနိုင်မယ့် သင့်အတွင်းမှာနစ်မြုပ်နေတဲ့ ဆရာတစ်ဆူကို နိုးထလာစေချင်တာပါပဲ။

ကျွန်မရဲ့နေ့ရက်တိုင်း ကျွန်မတတ်နိုင်သမျှလုပ်ဆောင်နေသလိုမျိုး စာဖတ်သူတွေအားလုံးလည်း နေ့ရက်တိုင်း မိမိတို့ရဲ့ဘဝခရီးမှာ မိမိကိုယ်ကို ပိုပြီးချစ်တတ်လာဖို့ တစ်ဦးချင်းစီတိုင်းအတွက် ပျော်စရာတွေ ပိုပြီးရှာဖွေတွေ့ရှိနိုင်ဖို့ ကျွန်မမျှော်လင့်ပါတယ်။

အပိုင်း (၁)

# နည်းမှန်လမ်းမှန် ရှာဖွေခြင်း

•

### ပဏာမ

## ကျွန်မသေဆုံးခဲ့သောနေ့

*အိုး… ဘုရားရေ! ကျွန်မမယုံကြည်နိုင်ဘူး။ ကျွန်မ လွတ်လပ်ပေါ့ပါးနေတယ်။ ကျွန်မရဲ့ ခန္ဓာကိုယ်မှာ ဘာနာကျင်မှုမှ ထပ်ပြီး မခံစားရတော့ဘူး။ ဒါတွေ ဘယ်ရောက်ကုန်တာလဲ။ ဟော့ … ဘာကြောင့် ကျွန်မရဲ့ပတ်ဝန်းကျင်တစ်ခုလုံး ကျွန်မနဲ့ဝေးရာကိုရွေ့သွားနေတဲ့ပုံ ဖြစ်နေရတာလဲ။ သို့သော် ကျွန်မ ကြောက်ရွံ့မနေခဲ့ချေ။ ကျွန်မဘာလို့ မကြောက်ရတာလဲ။ ကျွန်မရဲ့အကြောက်တရားတွေ ဘယ်ရောက်ကုန်ပြီလဲ။ အိုး … အံ့သြဖို့ကောင်းလိုက်တာ။ ကျွန်မရဲ့ အကြောက်တရားတွေကို ကျွန်မ ထပ်ပြီးမတွေ့ရတော့ဘူး။*

ကျွန်မဆေးရုံကို အပြေးသွားနေခဲ့တာက ကျွန်မရဲ့ အတွေးတစ်ချို့သာဖြစ်နေခဲ့၏။ ကျွန်မရဲ့ပတ်ဝန်းကျင်တွင် ဒဏ္ဍာရီဆန်ဆန် အိပ်မက်ဆန်ဆန်တွေနဲ့ ကမ္ဘာတစ်ခု စတင်ပေါ်ပေါက်လာလေသည်။ ကျွန်မရဲ့အသိဉာဏ်နဲ့ ဝေးသည်ထက်ဝေးအောင် လွင့်မျောသွားသလို ခံစားရပြီးနောက် ကျွန်မကာလကြာရှည်စွာမေ့မျောခဲ့ရလေသည်။ ကင်ဆာရောဂါရဲ့ဖြိုချဖျက်ဆီးမှုကို ကျွန်မလက်လျှော့ပေးလိုက်ရသလို ကျွန်မရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ စတင်ပြီး ရပ်တန့်သွားခဲ့လေပြီ။ မဟုတ်သေး _ လွန်ခဲ့တဲ့ လေးနှစ်လုံးလုံး ကျွန်မရဲ့ ခန္ဓာကိုယ်ကို ဝါးမြိုနေခဲ့တာ။

ဒီနေ့ဟာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့ …

ကျွန်မသေဆုံးတဲ့နေ့အဖြစ် ကျွန်မရဲ့မှတ်ဉာဏ်ထဲမှာ စွဲထင်ကျန်ရစ်နေမယ့်နေ့တစ်နေ့ …

ကျွန်မ မေ့မြောနေသော်ငြားလည်း ကျွန်မပတ်ဝန်းကျင်တွင်ဖြစ်ပေါ်နေသည့် ကိစ္စရပ်တိုင်းကို လုံးလုံးလျားလျား သိရှိနေခဲ့ပါသည်။ ကျွန်မကိုဆေးရုံပို့ရင်း အလောတကြီးနှင့် သွေးရူးသွေးတန်းဖြစ်နေသည့် ကျွန်မမိသားစုတွေ၏ခံစားချက်တွေအပါအ

ဝင် ကိစ္စရပ်တိုင်းကို သိရှိနေခဲ့သည်။ ကျွန်မတို့ဆေးရုံသို့ရောက်လျှင် ကျွန်မကိုမြင် တွေ့သော ကင်ဆာရောဂါအထူးကုဆရာဝန်မကြီး၏ မျက်နှာသည် တုန်လှုပ်ထိတ်လန့်မှုများဖြင့် ပြည့်နှက်သွားလေ၏။

"နင့်မိန်းမရဲ့ နှလုံးက ခုန်နေတုန်းပဲ..." သူမက ကျွန်မ အမျိုးသားဖြစ်သူ ဒန်နီ့အား ထိုသို့ပြောလေ၏။

"ဒါပေမဲ့ သူဒီမှာ ရှိမနေနိုင်တော့ဘူး။ သူ့ကိုကယ်ဖို့ အရမ်းကိုနောက်ကျသွားပြီ"

*ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဒီလိုစကားမျိုးကို ဘာကြောင့်ပြောထွက်ရတာလဲ။ ကျွန်မအင်မတန် အံ့သြမိပါတယ်။ ကျွန်မဘဝမှာ ဘယ်သောအခါမှ ပိုကောင်းလာတယ်လို့ ခံစားခဲ့ရတာမဟုတ်။ မေမေနဲ့ ဒန်နီကရော ဘာကြောင့် အလွန်အမင်းကြောက်ရွံ့ စိုးရိမ်နေရတာပါလဲ။ အမေရယ် မငိုပါနဲ့ ... ဘာလို့လဲ... သမီးကြောင့် အမေငိုနေရတာလား... မငိုပါနဲ့နော် ... သမီး အဆင်ပြေပါတယ် ... သမီးတကယ်အဆင်ပြေပါတယ် ...*

ဒီစကားလုံးတွေကို ကျွန်မအကျယ်ကြီးအော်ပြောနေခဲ့တယ်လို့ ထင်မိသော်လည်း ကျွန်မဆီက မည့်သည့်အသံတစ်စုံတစ်ရာမျှ ပေါ်ထွက်မလာခဲ့ချေ။ ကျွန်မဆီမှာ အသံတွေ ရှိမနေခဲ့ပါ။

ကျွန်မ မေ့မေ့ကို ပွေ့ဖက်ထားချင်မိ၏။ မေ့မေ့ကို နှစ်သိမ့်အားပေးရင်း ကျွန်မ အဆင်ပြေတဲ့အကြောင်းတွေ ပြောပြချင်မိ၏။ သို့သော် ထိုသို့လုပ်နိုင်စွမ်း ကျွန်မမှာ ရှိမနေခဲ့တာကိုတော့ နားမလည်နိုင်ခဲ့ချေ။ ဘာကြောင့်များ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ အတူတကွပါမလာရတာပါလိမ့်။ ကျွန်မသိပ်ချစ်ရတဲ့ မေမေနှင့် ကျွန်မအမျိုးသားကို ကျွန်မ အဆင်ပြေသည့်အကြောင်း၊ မည်သည့် နာကျင်မှုမှမခံစားရတော့သည့်အကြောင်း ပွေ့ဖက်ထားပြီး ပြောပြချင်တဲ့အခါ ကျွန်မရဲ့ခန္ဓာကိုယ်ဟာ ဘာကြောင့်များ အသက်မဲ့ပျော့ခွေနေပြီး ထိုနေရာမှာပဲ လဲလျောင်းလျက်သား ကျန်ရှိနေရတာလဲ။

*ကြည့်စမ်းပါဦး ဒန်နီ ... ကျွန်မ ဘီးတပ်ကုလားထိုင်မလိုဘဲ နေရာအနှံ့ကို ရွေ့လျားသွားလာနိုင်ပြီ။ ဒီခံစားချက်က သိပ်အံ့သြဖို့ကောင်းတာပဲ။ ပြီးတော့ ကျွန်မအောက်ဆီဂျင်အိုးကြီးနဲ့လည်း ဒီ့ထက်ပိုပြီး ဆက်သွယ်ထားစရာမလိုတော့ဘူး။ အိုး ...*

*အံ့သြဖို့ကောင်းလိုက်တာ! ကျွန်မ အသက်ရှူရတာလည်း မခက်ခဲတော့ဘူး။ ကျွန်မရဲ့ အရေပြားပေါ်မှာလဲ ဒဏ်ရာတွေ ပျောက်ကင်းသွားပြီ။ စိတ်ညစ်စရာတွေ ငိုကြွေးစရာတွေလည်း ထပ်ပြီးမရှိတော့ဘူး။ လေးနှစ်တာ နာကျင်ခံစားခဲ့ရပြီး နောက်ဆုံးမှာတော့ ကျွန်မ ပျောက်ကင်းသွားခဲ့ပြီ။*

သန့်စင်သောပျော်ရွှင်မှုနဲ့ ကျေနပ်အားရစရာကောင်းသည့် အခြေအနေတစ်ခုထဲတွင် ကျွန်မရှိနေခဲ့သည်။ နောက်ဆုံးတော့ ကျွန်မခန္ဓာကိုယ်ကို ဖြိုချဖျက်ဆီးနေတဲ့ ကင်ဆာရောဂါကြောင့်ဖြစ်ပေါ်လာတဲ့ နာကျင်ခံစားမှုတွေကနေ လွတ်မြောက်ခဲ့ရလေပြီ။ သူတို့တွေကိုလည်း ကျွန်မအတွက် ပျော်စေချင်မိ၏။ ကျွန်မရော သူတို့ရော ရုန်းကန်နေခဲ့ရတဲ့ အခက်အခဲတွေအားလုံး နောက်ဆုံးတော့ ပြီးဆုံးသွားခဲ့ပြီ။ ဒါတောင်မှ သူတို့ဘာကြောင့် မပျော်ရွှင်နိုင်ကြတာပါလိမ့်။ ကျွန်မရဲ့ ဝမ်းမြောက်ပျော်ရွှင်မှုတွေကို သူတို့ကို ဘာကြောင့် မမျှဝေနိုင်ရတာလဲ။ ကျွန်မခံစားနေရတဲ့ ပျော်ရွှင်မှုကို သူတို့မမြင်နိုင်ကြလို့လား။

"ကျေးဇူးပြုပြီး ဆရာမတို့ လုပ်နိုင်တာရှိရင်လုပ်ပါဦး" မေမေနဲ့ ဒန်နီက ဆရာဝန်ကို အသနားခံနေတယ်။

"သူ့အတွက် နာရီပိုင်းပဲ အချိန်ရှိတော့တယ်" ကင်ဆာအထူးကုဆရာဝန်မက ငြင်းသည်။ "သူ့ကို တခြားဆရာဝန်တွေဆီကို ခေါ်သွားခဲ့သေးတယ်ဆိုတာ ရှင်တို့ ကျွန်မကို ဘာလို့စောစောက မပြောခဲ့တာလဲ။ အခု သူ့ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေက အလုပ်မလုပ်တော့ဘူး။ ဒါကြောင့် သူ ကိုမာဝင်သွားရတာပဲ။ ဒီတစ်ညလုံးတောင် သူဘာမှ လုပ်နိုင်တော့မှာမဟုတ်ဘူး။ ရှင်တို့က မဖြစ်နိုင်တာတွေကို ပြောနေကြတာပဲ။ သူ့ရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေတောင်မှ အလုပ်မလုပ်တော့တာ။ ကျွန်မတို့ သူ့ကို ဆေးပေးရင်တောင် သူ့ကို သေစေနိုင်တယ် ... အဆိပ်တောင်ဖြစ်သွားနိုင်တယ်"

"ကောင်းပါပြီ ... ဖြစ်နိုင်ပါတယ်" ဒန်နီက သူ့ရည်ရွယ်ချက်ကို မပြောင်းနိုင်ကြောင်းပြောတယ်။ "ဒါပေမဲ့ ကျွန်တော်ကတော့ အရှုံးမပေးဘူး"

သူက ကျွန်မခန္ဓာကိုယ် လဲလျောင်းလျက်သားအတိုင်း ပျော့ခွေကျနေတဲ့ လက်ကလေးကို တင်းတင်းဆုပ်ကိုင်ထားရင်းပြောရှာတယ်။ သူ့ရဲ့အသံတွေမှာ မချိတင်ကဲဖြစ်စိတ်နှင့် အကူအညီမဲ့မှုတွေ ရောယှက်နေတာကို ကျွန်မသတိထားမိတယ်။ သူ့ရဲ့

ဝမ်းနည်းပူဆွေးမှုဝေဒနာတွေကို ဒီ့ထက်ပိုပြီးသက်သာရာရစေချင်မိ၏။ ကျွန်မရဲ့ခံစားချက်က ဘယ်လောက်တောင် အံ့ဩဖို့ကောင်းတယ်ဆိုတာ သူ့ကို သိစေချင်မိ၏။ သို့သော် သူ့ကိုပေးသိဖို့ကြိုးစားလိုက်တိုင်း ကျွန်မကူကယ်ရာမဲ့နေသလို ခံစားရတယ်။

*ဆရာဝန်ပြောတာကို နားမထောင်ပါနဲ့ ဒန်နီ ... သူမပြောတာကို နားမထောင်ပါနဲ့ ... သူမ ဘာလို့ ဒီလိုပြောရတာလဲ။ ကျွန်မဒီမှာရှိနေတယ်။ အဆင်လည်းပြေတယ်။ အို ... အဆင်ပြေတာထက်ကို ပိုပါတယ်။ တကယ်တော့ ကျွန်မ အရမ်းကို ထူးခြားနေတာ ...*

ဘာကြောင့်လဲ ကျွန်မနားမလည်နိုင်ပါ။ သို့သော်လည်း ဆရာဝန်တွေရော ကျွန်မမိသားစုဝင်တွေပါ ကျွန်မကိုဖြတ်ပြီးသွားနေတာကို ကျွန်မတွေ့ကြုံခဲ့ရသည်။ သူတို့ရဲ့ အကြောက်တရားတွေ၊ စိုးရိမ်ပူပန်မှုတွေ၊ ကူကယ်ရာမဲ့မှုတွေနှင့် စိတ်ပျက်အားငယ်မှုတွေကို ကျွန်မ အမှန်တကယ် ခံစားလို့ရနေခဲ့တယ်။ သူတို့ရဲ့ ခံစားချက်တွေက ကျွန်မရဲ့ခံစားချက်တွေကဲ့သို့ပင်။ ကျွန်မဟာ သူတို့ဖြစ်သွားသလိုပါပဲ။

နင့်ရဲ့နာကျင်မှုတွေကို ငါ့ရဲ့နာကျင်မှုတွေလို ခံစားရတယ် ... နင်ရဲ့ခံစားချက်တွေအားလုံးကို ငါခံစားလို့ရနိုင်တယ်။ ငါ့အတွက် နင်မငိုပါနဲ့ဟာ ... မေမေ့ကိုလည်း မငိုတော့ဖို့ ပြောပေးပါ ...

ကျွန်မရဲ့ ဘေးပတ်လည်မှာဖြစ်နေတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ခံစားချက်အရ ချိတ်ဆက်မိသွားတာနဲ့တစ်ပြိုင်နက် ပန်းချီကားကြီးတစ်ခုရှိနေသလို ခမ်းနားတဲ့အစီအစဉ်တစ်ခုကို ပြသလိုက်သလို ကျွန်မရဲ့ဝိညာဉ်ဟာ ထွက်ခွာသွားခဲ့ပြီဆိုတာကို ခံစားလိုက်မိတယ်။ ပိုပြီးကြီးကျယ်ခမ်းနားတဲ့ ပိတ်ကားတစ်ချပ်ထဲမှာ အရာရာဟာ အစီအစဉ်အတိုင်းသွားနေပြီး ပြီးပြည့်စုံနေခဲ့တယ်ဆိုတာကို ကျွန်မစပြီးသတိထားလိုက်မိသလို မှေးမှိန်တဲ့ ဒီဇာတ်ဝင်ခန်းအပေါ်မှာရှိနေတဲ့ ကျွန်မရဲ့ ချိတ်ဆက်မှုကိုလည်း ခံစားလို့ရနိုင်ခဲ့တယ်။

ကျွန်မသေလုမျောပါးဖြစ်နေတယ်ဆိုတာကို အမှန်တကယ် နားလည်သဘောပေါက်ဖို့ အချိန်ရောက်လာခဲ့ပြီ။

အို ... ကျွန်မ သေတော့မှာပါလား။ ဒီခံစားချက်က ဘာနဲ့တူလဲသိလား။ ကျွန်မ စိတ်ကူးခဲ့ဖူးတဲ့ ဘယ်အရာနဲ့မှကို မတူတာ။ ငြိမ်းချမ်းမှုနဲ့တည်ငြိမ်အေးချမ်းမှုကို လှပစွာခံစားနေရတယ်။ နောက်ဆုံးတော့ ကျွန်မသက်သာသွားပြီလို့ ခံစားရတယ်။

ကျွန်မရဲ့ခန္ဓာကိုယ်ကြီး ရပ်တန့်သွားခဲ့ရင်တောင်မှ ကျွန်မတို့ဟာ အမှန်တကယ် ဘယ်တော့မှမသေဆုံးနိုင်သည့်အတွက် ဘဝရဲ့ကြီးမားလှတဲ့ပိတ်ကားကြီးတစ်ချပ်ထဲမှာ အရာရာဟာပြီးပြည့်စုံနေတုန်းပဲဆိုတာကို ကျွန်မနားလည်စပြုလာခဲ့တယ်။

ကျွန်မရှေ့မှာပြသနေတဲ့ အသေးစိတ်တိုင်းကို ကျွန်မကောင်းကောင်းသတိထားမိနေတယ်။ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းက ကျွန်မရဲ့အသက်မဲ့နေတဲ့ ခန္ဓာကိုယ်ကို လက်တွန်းလှည်းပေါ်တင်ပြီး အထူးကြပ်မတ်ဆောင်ဆီသို့ တွန်းပို့နေတယ်။ သူတို့တွေဟာ ရုတ်ရုတ်သဲသဲနဲ့ ကျွန်မကို ဝန်းရံထားကြပါတယ်။ ကျွန်မခန္ဓာကိုယ်ကို အပ်တွေ ပိုက်တွေထိုးသွင်းပြီး စက်တွေနဲ့ချိတ်လိုက်ကြတယ်။

ဆေးရုံကုတင်ပေါ်တွင် လဲလျောင်းနေသည့် ကျွန်မရဲ့ပျော့ခွေနေတဲ့ ခန္ဓာကိုယ်ဆီက မည်သည့်ချိတ်ဆက်မှုကိုမှ ကျွန်မမခံစားခဲ့ရချေ။ ဒါဟာ ကျွန်မခန္ဓာကိုယ်ပါလားလို့ပင် မခံစားရ။ ကျွန်မကြုံတွေ့နေရသည့် ကျွန်မအားနေရာထိုင်ခင်းပေးဖို့ဆိုသည့်ကိစ္စရပ်ဟာ အသေးအဖွဲ့ကိစ္စတစ်ခုကဲ့သို့ပင် သိပ်တော့လည်း အရေးပါလှသည်မဟုတ်ပါလား။ ကျွန်မဟာ လွတ်လပ်နေတယ်။ လွတ်မြောက်နေတယ်။ ဒါထက် ခမ်းနားကျယ်ပြန့်နေတယ်လို့ ခံစားနေရတယ်။ နာကျင်မှုတွေ၊ ကိုက်ခဲနေမှုတွေ၊ ပူဆွေးမှုတွေ၊ ဝမ်းနည်းမှုတွေအားလုံး ပျောက်ကွယ်သွားခဲ့ပြီ။ ကျွန်မဟာ လုံးဝ ဝန်ထုတ်ဝန်ပိုးတွေ ကင်းမဲ့နေတယ်။ ဒီ့အရင်က ကျွန်မဒီလိုခံစားချက်မျိုးရှိခဲ့ဖူးလားဆိုတာ ဘယ်သောအခါမှ ပြန်စဉ်းစားလို့ပင် ရလိမ့်မည်မဟုတ်ချေ။

နောက်တော့ ကျွန်မကို တစ်စုံတစ်ခုက လွှမ်းခြုံထားတယ်ဆိုတဲ့ စိတ်အာရုံတစ်ခု ကျွန်မမှာရှိနေခဲ့တယ်။ ဒီအရာက ကျွန်မကို အနှိုင်းအဆမဲ့ချစ်ခြင်း မေတ္တာတွေနဲ့ သန့်စင်ပေးနေကြောင်း ပြသနေတယ်။ အမှန်တကယ်တော့ ချစ်ခြင်းဆိုတဲ့စကားလုံးကို သုံးရင်တောင် တရားမမျှတရာ ကျသွားမလားပဲ။ ဒါဟာ ကျွန်မအရင်တုန်းက တခါမှမတွေ့ကြုံခဲ့ဖူးသေးတဲ့ အနက်ရှိုင်းဆုံးသောဂရုစိုက်မှု အမျိုးအစားတစ်ခုပါပဲ။ ဒါဟာ ကျွန်မတို့လက်တွေ့ဘဝထဲမှာ စိတ်ကူးလို့ရတဲ့ ဘယ်အရာထက်မဆို သာလွန်တယ်။ ဒါ

ဟာ ခြွင်းချက်မဲ့တယ်။ ကျွန်မ အရင်က ဘာတွေပဲ လုပ်ဖူးခဲ့ လုပ်ဖူးခဲ့ ဒါဟာ ကျွန်မပိုင်ဆိုင်တဲ့အရာပဲ။ ကျွန်မ ဘာမှမလုပ်ခဲ့တာလည်းဖြစ်မယ်။ ဒါမှမဟုတ် ဒါဟာ ကျွန်မဆီမှာ ထိုက်တန်တဲ့နည်းလမ်းတစ်ခုအနေနဲ့ သေချာပေါက်ရှိနေခဲ့တာလည်းဖြစ်မယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် အရေးမကြီးပါဘူး။ ဒီချစ်ခြင်းမေတ္တာတရားဟာ ကျွန်မအတွက်ဖြစ်နေခဲ့တာပါပဲ။

ကျွန်မ ဒီစွမ်းအင်တွေထဲမှာ လုံးဝရေချိုးသန့်စင်လိုက်ပြီး အသစ်တဖန် ပြန်လည်မွေးဖွားလာသလို ခံစားရတယ်။ ရုန်းကန်လှုပ်ရှားမှု၊ နာကျင်မှု၊ စိုးရိမ်ပူပန်မှုတွေနဲ့ ကြောက်စိတ်တွေရှိတဲ့ နှစ်ပေါင်းများစွာကို ဖြတ်ကျော်ခဲ့ပြီးတဲ့နောက် နောက်ဆုံးမှာ ကျွန်မဒီနေရာကို ရောက်လာခဲ့ရသလို၊ ကျွန်မနဲ့ထိုက်တန်ခဲ့သလို ဒီအရာက ကျွန်မကို ခံစားရစေတယ်။

နောက်ဆုံးတော့ ... ကျွန်မအိမ်ပြန်လာခဲ့တယ်။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e – Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

ပြန်လာဖို့နဲ့ … ပြန်မလာဖို့…
ရွေးချယ်ခွင့်တစ်ခုရှိခဲ့တယ်
ကောင်းကင်ဘုံက နေရာတစ်ခုမဟုတ်ဘဲ
အခြေအနေတစ်ခုပဲလို့
နားလည်သဘောပေါက်တဲ့အခါ
ပြန်လာဖို့ပဲ ရွေးချယ်ခဲ့ပါတယ်…

… Anita Moorjani …

GRAPHIC DESIGN : MOE THEIN KHO (2023)